
အခန်းကြီး - ၃
မောရေ



၁၇၀၆ ဘီစီ
မိုးခေါင်ရေရှားချိန်မှာ အာဗြဟံ ရဲ့မြေး ယာကုပ် ဟာသူ့သား (၁၂) ယောက်၊ မြေးအားလုံးနဲ့ ခြွေရံသင်းပင်းတွေ ကိုခေါ်ပြီး အဲဂုတ္တုပြည်မှာသွားနေတယ်။ အဲဂုတ္တု မှာသူတို့ဟာ မြေမှုန့်တွေလိုပွားများလာတယ်။
မကြာသေးသောကာလမှာဘဲ ယာကုပ်ရဲ့သားသမီး အရေအတွက်ဟာ အဲဂုတ္တုပြည်သားလူဦးရေထက်တောင်များသွားတယ်။


အဲဂုတ္တု ရဲ့ ဖါရောဘုရင်ဟာ ယာကုပ်ရဲ့
မျိုးဆက်တွေကို အလုပ်ကြမ်းများ
လုပ်စေတယ်။ အုတ်တွေကို ဖုတ်စေတယ်။
၄လိုနဲ့ နှစ်ပေါင်း (၃၀၀) ကျော်လွန်ပြီးတဲ့အ
ခါမှာ သူတို့အားလုံးဟာ ဘုရားသခင်က
အာဗြဟံ နဲ့ သူတို့ ရဲ့ဖခင်တွေကိုပေးခဲ့တဲ့
ကတိစကားတွေကို မေ့ကုန်ကြတယ်။


အာဗြဟံ ရဲ့ လူမျိုးတွေ အခြားတစ်ပါးသောတိုင်းပြည်မှာ ကျွန်ခံရလိမ့်မယ်လို့ ဘုရားသခင်က အာဗြဟံကိုပြော ခဲ့တယ်။ ပြီးတော့ နှစ် (၄၀၀) ကြာပြီးနောက်ပိုင်း အဲဒီတိုင်းပြည်ကို ဘုရားသခင်က စီရင်ပြီး ထိုတိုင်းပြည်တွင်းမှ ခေါ်ထုတ်လာကာ ကတိတော်ထားရှိရာ နယ်မြေသို့ပြန်လည် ဝင်ရောက်ရမည်ဖြစ်ကြောင်းကိုလည်း ဘုရားသခင်ကထပ်မံကတိပြုခဲ့တယ်။


ကျွန်မရှင်ကို အမှန်ပြော တာ။ကျွန်မတို့လူဦးရေတ အားများလာတာ ဖါရောဘုရင် အရမ်း ကြောက်နေတယ်။ ကလေးအားလုံးကိုသူ သတ်ပစ်လိမ့်မယ်။ အဲဂုတ္တုလူမျိုးတွေဟာ အားနည်းပြီးအပျင်းထူကြ တယ်။ ကျွန်မတို့လူမျိုး တွေကအလုပ်ကြမ်းတွေ ကြောင့်သန်မာတောင့်တင်း ကြတယ်။ သူတို့ဟာ ကျွန်မတို့ကိုကြောက် တယ်။
သူတို့ ကျွန်မက လေးကို မသတ်ရဘူး။ သူ့ကိုဘုရားသခင်ကွယ် ကာစောင်မလိမ့်မယ်။
ဟာ့ ... ဖါရောဘု ရင်ရဲ့ဘုန်းတန်ခိုးကို ဘုရားသခင်ဘယ်လို ဆန့်ကျင်နိုင်မှာလဲ။




ကမ္ဘာဦးကျမ်း ၄၆း၅–၇။ ထွက်မြောက်ရာကျမ်း ၁း၁–၁၂၊ ၂၂


'ါပေမယ့် အမေရယ်၊ စစ်သားနဲ့ အိမ်နီးချင်းတွေက ကလေးဘယ်မှာလဲလို့ မေးလာရင်ဘယ်လိုဖြေရမှာလဲ။
သူတို့ကိုအမှန်အတိုင်းသာ ပြောလိုက်ပါ။သူ့အမေအရင်းက သူ့ကို ရေထဲပစ်ချလိုက်ပြီ လို့။ 'ါဆိုသူတို့ဘာမှ မလုပ်တော့ဘူး။



အမေ၊ ဒီအထဲရေမစိမ့်ဝင်နိုင်တာသေချာရဲ့လား။
ဒါကို ကတ္တရာစေးနဲ့သုတ်ထားတယ်။ရေပေါ်မှာမျှောနေလိမ့်မယ်။
ကျွန်မရဲ့မောင်လေးကိုကျွန်မတို့ထပ်တွေ့ရပါအုံးမလား။ အိုး … ရက်စက်လိုက်ကြတာ အဲဂုတ္တုပြည်သားတွေရယ်။
ဘုရားသခင်သူ့ကိုကာကွယ်မှာပါ။ သူ့ကိုမလှမ်းမကမ်းကနေစောင့်ကြည့်ပါသမီး။

ဖါရောဘုရင်ရဲ့သမီး
ကရေချိုးဖို့အတွက်ရေဆိပ်
ကိုဆင်းလာတယ်။




သူဟာ ဟေဗြဲအမျိုးထဲက တစ်ယောက်ယောက် ဖြစ်မှာဘဲ။
အိုး၊ ချစ်စရာလေးဟယ်။
သူဗိုက်ဆာ နေမှာဘဲ။



အကယ်၍သူ့ကိုကြည့်ရှု စောင့်မပေးမယ့်သူတစ် ယောက်ရှိရင် ကျွန်မသူ့ကို မွေးစားမယ်။
ဟိုမှာပောြဲကလေး တစ်ယောက်တွေ့ရတယ်။ ဒီက လေးကိုကြည့်ရှုပေးမယ့်သူတစ် ယောက်ယောက်ကိုတော့ ချာတိတ်မလေး ရှာပေးနိုင်မှာဘဲ။


သူ့ကိုကြည့်ရှုစောင့်မပေးမယ့်သူတစ်ယောက်ယောက်ကိုကျွန်မကြိုးစားရှာပေးပါ့မယ်။ သူ့ကလေးငယ်ရေထပစ်ချခြင်းခံရတဲ့ ဟေဗြဲ အမျိုးသမီးတစ်ယောက်ကိုတော့ ကျွန်မသိထားတယ်။ သူ့မှာနို့ရည်တွေအများကြီးရှိသေးတယ်။

ထွက်မြောက်ရာကျမ်း ၂း၃-၉


ငါဘာလုပ်မိခဲ့ပါလိမ့်။ ငါ့ကလေးကို ငါပြန်တွေ့ရပါ့မလား။ ဘုရားသခင်ရောသိပါလေစေ။
ရှင့်မှာရွေးစရာလမ်းမှမရှိဘဲ။ ၏ကလေးကိုလည်းရှင်အမြဲတမ်းမသိမ်းထားနိုင်ပါဘူး။တချိန်ချိန်မှာတော့စစ်သား တွေသူ့ကိုရှာတွေ့ပြီးသတ်ပစ်မှာဘဲ။ဘုရားသခင်ကိုဘဲ ဆက်ပြီးယုံလိုက်ပါ။
အမေ၊ အမေရေ၊


အမေ၊ ဖါရောဘုရင်ရဲ့သမီးတော် မြစ်ဆိပ်ကိုဆင်းလာတော့ ကျွန်မရဲ့မောင်လေးကိုတွေ့သွားတယ်။ သူက ကလေးကိုမွေးစားချင်တယ်။ ကျွန်မကိုလည်း ကလေးကိုကြည့်ရှုစောင်မပေးနိုင်မယ့်သူတစ်ယောက်ကို ရှာခိုင်းထားတယ်။ သူအခု ကိုလာနေပြီ။
အမေ၊ သမီးတို့ အနန္တ ဘုရ ားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းပါတယ်။


ရှင့်ကလေးငယ်ဆုံးသွားပြီလို့ကျွန်မ ကြားခဲ့ရတယ်။ ရှင့်အတွက် ကျွန်မစိတ်မကောင်းပါဘူး။ ကလေးကို ကျွန်မ မြစ်ဆိပ်မှာတွေ့ခဲ့တယ်။ ကလေးကို ကျွန်မအတွက်ပြုစုစောင့်ရှောက်ပေးဖို့ ကျွန်မရှင့်ကိုစရိတ်ပေးပါ့မယ်။ သူနို့ ဖြတ်ရင် သူ့ကိုကျွန်မလာယူပြီး အဲဂုတ္တုပြည်ရဲ့ ဖါရောဘုရင်တစ်ပါးဖြစ်လာအောင် ပျိုးထောင်ပေးဖို့ နန်းတော် တွင်းကိုခေါ်သွားရလိမ့်မယ်။
မောရှေ ကြီးပြင်းလာတာနဲ့ သူ့မိဘအဆက်ဆက်ရဲ့ ဘုရားသခင်အကြောင်းကိုသူမကသင်ပေးတယ်။ ကလေးငယ်လေးရဲ့ အထူးရည်ရွယ်ချက်တစ်ရပ် ဘုရားသခင်ဆီမှာရှိတယ်။


၉ပေါ်ခုန်တက်မင်းသား လေး။မင်းသားလေးကိုနန်း တော်ဆီမောင်းပို့ပေးမယ်။
သူတို့ဘယ် လောက်မြန်မြန် ပြေးနိုင်သလဲ။
မောရှေကိုကြည့်ရှုပေးတဲ့အတွက် ကျေးဇူးပါဘဲရှင်။ သူတအား ကျန်းမာရေးကောင်းတာဘဲ။
ထွက်မြောက်ရာကျမ်း ၂း၈–၁၀


ဖါရောဘုရင့်သမီးတော်ရဲ့မွေးစားသားအဖြစ်၊ ယောကျ်ားကောင်းတစ်ယောက်
အဖြစ် အဲဂုတ္တုပြည်မှာ မောရှေ ကြီးပြင်းလာခဲ့တယ်။ သူဟာငွေကြေးနဲ့အာဏာ
ကိုအလွယ်တကူရယူနိုင်မှာဖြစ်သော်လည်း၊ သူ့ရဲ့ဘဝရင်းကို သူလုံးဝမမေ့ဘူး။


ကျုပ်ခင်ဗျားကိုပြောနေတယ် မောရှေ၊ ကျုပ်တို့ရဲ့ဘိုးဘေးတွေဖြစ်တဲ့ အာဗြဟံ၊ ဣဇာက် နဲ့ ယာကုပ် တို့ရဲ့ ဘုရားသခင်က အာဗြဟံ ကိုဘာပြောခဲ့သလဲဆိုရင်၊ အာဗြဟံရဲ့မျိုးဆက်တွေကပွားများလာပြီးအခြားတစ်ပါးသောသူရဲ့ပြည်မှာတစိမ်းတွေအဖြစ် နေထိုင်ရလိမ့်မယ်တဲ့။ အခုဘဲကြည့်လေ၊ ကျုပ်တို့ မှာရှိနေပြီ။
ဟုတ်တယ်။ ကျုပ်တို့ နှစ် (၄၀၀)လောက် မြေထဲမှာဆင်းရဲ့ ကျွရောက်မှာဖြစ်ကြောင်းလည်း ဘုရားသခင်က အာဗြဟံ ကိုပြောခဲ့သေးတယ်။ ကျုပ်တို့ နယ်မြေမှာနေထိုင်လာတာ (၃၅၈) နှစ်ရှိပြီ။ နှစ်(၄၀) ဘဲကျန်တော့တယ်။


ဒါမယုံနိုင်စရာဘဲ။ ဖါရောဘုရင် ကတော ကျွန်တွေကိုလွယ်လွယ်နဲ့ လက်လွှတ်ခံမှာမဟုတ်ဘူး။ ဥစ္စာ”နတွေနဲ့ ထွက်ခွာသွားရမယ့် အဖြစ်ကတော့ပိုလို့တောင်ဝေးသေးတယ်။ ဒါပေမယ့် နည်းလမ်းတစ်ခုခုတော့ ရှိမှာဘဲ။ ဘာ့ကြောင့်နောက်ထပ် (၄၁) နှစ်ကြီးများတောင် ထပ်စောင့်ရအုံးမှာတုန်း။
ဒီတိုင်းပြည်က ကျုပ်တို့အပေါ်မကောင်းခဲ့သလ သူတို့လည်းစီရင်ခြင်းခံရမှာဖြစ်ကြောင်းကိုလည်း ဘုရားသခင် ပြောခဲ့သေးတယ်။ ပြီးတော့ ဒီမြေပေါ်ကနေကျုပ်တို့ ကြွယ်ဝကုံလုံစွာ ထွက်ခွာပြီး၊ ကျုပ်တို့ရဲ့ဘိုးဘေးတွေကို ဘုရားသခင်ပေးထားခဲ့တဲ့ နေရာကိုပြန်သွားရမယ်တဲ့။


ဟေဗြဲ ကလေးတွေဟာ သူတို့သခင်များရဲ့ထိန်းချုပ်မှုအောက်မှာ ဆင်းရဲ ဒုက္ခရောက်နေရတယ်။ တွင်းသေးသေး တွေထဲမှာသူတို့အုတ်ဖုတ်ရတယ်။ သူတို့ရဲ့ဆင်းရဲ ဒုက္ခကို မောရှေက လက်ပိုက်ကြည့်နေနိုင်မှာမဟုတ်ဘူး။ ဒါနဲ့ ပတ်သက်ပြီး တခုခုကိုလုပ်ဖို့ သူဆုံးဖြတ်လိုက်တယ်။
မရိုက်သတ် ခင်ထစမ်းပါ။
ညစ်ပတ်တဲ့လူ ထစမ်း။
ဟေဗြာ၊ ခင်ဗျား ထစမစ်းပါ။
ထွက်မြောက်ရာကျမ်း ၂း၁၀–၁၁


တနေ့ အဲဂုတ္တုပြည်သားတစ်ယောက်က ဟေဗြဲ တစ်ယောက်ကိုရက်ရက်စက်စက် ရိုက်နှက်တာကို မောရှေ တွေ့ရတော့…
လွှတ်မြောက်ဖို့အချိန်တန်ပြီ။ ၆လုပ်ရပ်တွေကိုရပ်ပစ်ရမယ်။


ဖောင
ဒါမျိုးလုပ်လို့
မရတော့ဘူး။
မောရှေကအဲ့
အဲဂုတ္တုနိုင်ငံသားကိုသတ်ပစ်ပြီး
သူ့ကိုမြေမြှုပ်ပစ်တယ်။ ‘ါပေမယ့်
‘ါကိုတွေ့သွားတဲ့သူ
တစ်ယောက်က ဖါရောဘုရင်
ကိုတိုင်လိုက်တယ်။


အိုး၊ ဘုရားသခင်။ ကျွန်ုပ်ဘာ လုပ်မိခဲ့ပါလိမ့်။
ရပ်၊ မင်း လူသတ်မှုနဲ့တရားရုံး တက်ရမယ်။
မောရှေပဲ


မောရှေ ဟာအဲဂုတ္တုပြည်က
နေတောကြီးမြက်မည်းထဲကို
ထွက်ပြေးသွားတယ်။ သူနဲ့အတူ
မိသားစုတွေ၊ သူငယ်ချင်းတွေ
တစ်ယောက်မှမပါဘူး။
ထွက်မြောက်ရာကျမ်း ၂း၁၁–၁၅



မောရှေ ဟာရက်ပေါင်းများစွာလမ်းလျှောက်ရတယ်။သိုးထိန်းတွေစခန်းချတဲ့နေရာကိုရောက်လာတော့ သူရှေ ဆက်မလျှောက်နိုင်တော့ဘူး။
ဟိုမှာကြည့်စမ်း၊ လူတစ်ယောက်...
သူဟာသေလုမြောပါးဘဲ။ ရေယူလာစမ်းပါအုံး...
သူဟာအဲဂုတ္တု လူမျိုးတစ် ယောက်ဘဲ။

မိ’ျန် လူမျိုးစုတွေအကြား မောရှေ ဟာဘဝသစ်ကိုတွေ့ရှိခဲ့တယ်။
သူဟာတောတောင်အကြောင်းကိုလေ့လာပြီး လက်ထပ်ထိမ်းမြားကာ
သိုးထိန်းတစ်ယောက်ဖြစ်လာတယ်။ နှစ်လေးဆယ်ကြာပြီးနောက်
အဲဂုတ္တု ကိုသူမေ့သလောက်ရှိသွားတယ်။ သူ့လူမျိုးတွေကို
နောက်တခါပြန်တွေ့ရမယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးသူ့မှာမရှိတော့ဘူး။




ဒါတော်တော်ထူးဆန်းတာဘဲ။ အဲ့ဒီခြုံဟာမီး
စွဲနေပြီး၊ဘာ့ကြောင့်မကျွမ်းသွားရတာလဲ။မီးက
တော့တောက်လောင်မြဲ လောင်နေတယ်။


မောရှေ သင့်ဖိနပ်ကို ချွတ်လိုက်ပါ။
သင်ဟာသန့်ရှင်းရာမြေပေါ်မှာ ရပ်နေပါတယ်။
ငါဟာသင့်ဘိုးဘေးတို့ဖြစ်တဲ့အာဗြဟံ၊ ဣဇက်
နှင့် ယာကုပ်တို့ရဲ့ဘုရားသခင်ဘဲ။


အဲဂုတ္တုပြည်မှာရှိတဲ့ ငါ့လူမျိုးတွေရဲ့
ဆင်းရဲ ဒုက္ခကို ငါကြားသိမြင်တွေ့နေရတယ်။
သူတို့ကို ၆နယ်မြေထဲကကယ် ထုတ်ပြီး၊
သူတို့ဘိုးဘေးတွေကို ငါကတိပေးထားတဲ့ပြည်ကို
ပြန်လည်ခေါ်သွင်းဖို့အချိန်တန်ပြီ။ သင့်ကို
ဖါရောဘုရင်ထံ ငါပို့ပေးမယ်။ ငါ့လူမျိုးတွေရဲ့
ကျွန်ဖြစ်ရခြင်းမှလွတ်မြောက်အောင်
သင်ကယ်ထုတ်ရမယ်။ သင့် လူမျိုးတွေကို
လွှတ်ပေးဖို့ သင်သူ့ကိုပြောရမယ်။
သူကငြင်းဆန်လိမ့်မယ်။ ပြီးရင် အဲဂုတ္တုအား
ငါ့ရဲ့ဘုန်းတော်ကို ငါဖော်ပြမယ်။ အဲ့ဒါပြီးရင်
သူဟာသင်တို့ကို ထွက်သွားခွင့်ပြုလိမ့်မယ်။
ဘီစီ ၁၈၄၁ ဝန်းကျင် ထွက်မြောက်ရာကျမ်း ၂း၁၆၊ ၃း၁၀


‘ါပေမယ့် ဘုရားရှင်ဟာ ကျွန်ုပ်ကိုပို့ဆောင်ကြောင်းသူတို့ယုံမှာမဟုတ်ဘူး။ သူတို့ပြက်ရယ်ပြုမှာဘဲ။


သင့်ရဲ့တုတ်ကောက်ကို မြေကြီးပေါ်ပစ်ချလိုက်ပါ။


ဘာ…ကျွန်တော့်ရဲ့
တုတ်ကောက်ကို


အဲ့ ါ်မြွေဆိုးတစ်
ကောင်ဖြစ်လာတယ်။


ဒီမြွေဆိုးကိုအမြီးကနေ ကောက်ကိုင်လိုက်ပါ။


ကျွန်တော့်ရဲ့တုတ်ပြန်
ဖြစ်သွားပြီ။




ထွက်မြောက်ရာကျမ်း ၄း၁–၄၊ ၁၂–၁၆


၁၄၄၅ ဘီစီ
နှစ် (၄၀) တောင်ကြာခဲ့ပြီလေ။ ငါ့ရဲ့ အတိတ်ကကိစ္စကိုသိတဲ့သူအားလုံးလည်း သေကုန်ကြပြီ။ ဘယ်သူမှ ငါ့ကို မှတ်မိတော့မှာ မဟုတ်ဘူး။
ဘုရားရဲ့လူမျိုးတွေကိုဖါရောဘုရင်လွှတ်ပေးတဲ့အထိပေါ့။
ရှင် အဲဂုတ္တုကိုပြန်မယ် ဟုတ်လား။ ရှင့်ကိုသေကြောင်းကြံတဲ့သူအားလုံးက ရောဘယ်လိုလဲ။
ရှင်ဘယ်လောက်ကြာကြာသွားမှာလဲ။


လူကြီးတွေအားလုံးကိုခေါ်လိုက်ပါ။ လွတ်မြောက်ဖို့အချိန်တန်ပြီ။
သူတို့ဟာ ဘယ်သူတွေလဲ။
သူကတော့ လေဝိမျိုးနွယ်က အာရုန်ဘဲ။ ကျန်တဲ့တစ်ယောက်ကတော့ ငါတို့လိုဘဲ။ ဒါပေမယ့် ကျွန်တစ်ယောက်တော့မဟုတ်ဘူး။


ဣကရေလ
လူကြီးတွေအားလုံးကျုပ်
အနီးကိုလာကြပါ။
ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း(၈၀)တုန်း
ကဖာရောဘုရင်ကလေးယောကျ်ားတွေ
အားလုံးကိုသုတ်သင်တဲ့လူသတ်မှုကိုအကြီး
အကျယ်ကျူးလွန်ချိန်အတွင်းမောရှေဟာ
မွေးဖွားခဲ့တယ်။သူ့အမေဟာသူ့ကိုခြင်းထဲ
ထည့်ပြီးရေထဲမျှောချလိုက်တယ်။ဘုရားသခင်
ရဲ့စောင်မမှုကြောင့်ဖာရောဘုရင်ရဲ့သမီးတော
်ကသူ့ကိုတွေ့သွားပြီးမောရှေဟာအဲဂုတ္တုပြည်
သားအဖြစ်စောင့်ရှောက်ခြင်း
ခံခဲ့ရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း




ထွက်မြောက်ရာကျမ်း ၄း၂၈-၃၁


အာဗြဟံ ရဲ့ဘုရားသခင
ဟာမီးတောက်နေတဲ့ ခြုံပုတ်ကနေ
ကျွန်ုပ်နဲ့စကားပြောပြီးခင်ဗျားတို့ကို
ခင်ဗျားတို့ရဲ့ဘိုးဘေးတွေကိုသူကပေး
ထားတဲ့ပြည်ကို ပြန်ခေါ်သွားဖို့ကျွန်ုပ်ကို
၎နေရာစေလွှတ်လိုက်တယ်။


ဟိုက် သူ့ တုတ်ကြီးကနေမြွေဆိုး ဖြစ်သွားတယ်။
မကြောက်ကြပါနဲ့။


ဒါကိုကြည့်ပါ။




ထွက်မြောက်ရာကျမ်း ၄း၁၇၊ ၃၀


ဟိုး လွန်ခဲ့တဲ့ နှစ် (၄၀) တုန်း
က ငါ၏နေရာက ထွက်လာခဲ့စဉ်အတိုင်း
ဘာမှမပြောင်းလဲဘူး။ နင့်ကို ငါပြောခဲ့
သလို ပြောဖို့သတိရနော်။



ဣသရေလ ရဲ့ဘုရားက မောရှေ နဲ့စကားပြောခဲ့ပါတယ်။ ဘုရားသခင်ပြောတာကတော့ “လူမျိုးတွေကို သုံးရက်ခန့်တောကြီးမြက်မည်း ထဲမှာဝတ်ပြုကိုးကွယ်မနဲ့ ယဇ်ပူဇော်မတို့ကို လုပ်ခွင့်ရဖို့ပါဘဲ။
ဟာ – ဣသရေလ ရဲ့ဘုရား၊ ဟား–ဟား–ဟား။ မင်းရဲ့ဘုရားကို ငါမသိဘူး။ သူ့စကားကို နားထောင်ရလောက် အောင်သူကဘာဘုရားမို့လို့လဲ။ ‘ပါဟာစော်ကားတာဘဲ။ ငါ့ရဲ့ကျွန်တွေကို တောကြီးမြက်မည်း ထဲသုံးရက်ခရီး ငါသွားခွင့် မပြုနိုင်ဘူး။


ငါ့ရဲ့ လူတွေအလုပ်လုပ်ခြင်းက ရပ်သွားအောင် မင်းတို့လာမွှေသွားတယ်ဆိုတာ ငါကြားရတယ်။ ငါကတောင် မသိတဲ့ဘုရားကို ဝတ်ပြုဖို့ အခုသူတို့ သုံးရက်ခရီး ထွက်ချင်နေကြတယ်။ သူတို့ ထက်အလုပ်ပိုလုပ်ရအောင် ငါလုပ်ပြမယ်။ အခုကစပြီး အုတ်ဖုတ်ဖို့အတွက် ကောက်ရိုးကို သူ့တို့ကိုယ်တိုင်ရှာရမယ်။ မင်းအခု ငါ့ရှေ့က ထွက်သွားပြီး မင်းလာတဲ့အရပ်ဆီကို ပြန်ပေတော့။

ထွက်မြောက်ရာကျမ်း ၅:၁-၇


မိုက်ရှုးရဲ့အ
လုပ်ကိုခင်ဗျား
ယုံသလား?
တော်တော်ရယ်ဖို့ကောင်း
တာဘဲ။ သူတို့ ကိုဘုရားဂိုက်ဖမ်း
ပြီး ချီတက်လာတဲ့ပုံကိုက —


ခင်ဗျား အခုပြောနေတာက ခင်ဗျားရဲ့လုပ်ရပ်ကြောင့် ကျုပ်တို့အလုပ်ပိုလုပ်ရတော့မယ်။ ဒါဘာလွတ်ငြိမ်းချမ်းသာမှုမျိုးလဲ။ ပြီးတော့ဘုရားသခင်ကခင်ဗျားက လွှတ်လိုက်တယ်လို့လည်း ခင်ဗျားထင်တယ်ဟုတ်လား။
သူ့ကိုယ်သူ ဘာထင်လို့လဲ။
ဒါလည်း အရူးတစ်ပါးဘဲ။
သူ့တုတ်ကလေးကြောင့် ဖြစ်သွားရတာဒါလုံးဝ လက်မခံနိုင်ဘူး။


မင်းအလုပ်လုပ်လို့ မဝသေးဘူးပေါ့။
မင်းရဲ့ဘုရားကို မင်းသွားရှိခိုးချင် နေတယ်ပေါ့လေ။
မင်းအချောင်မခိုတတ်အောင်ငါသင်ပေးမယ်။


ယေဟောဝါ၊ အရှင့်နာမ
အားဖြင့်ကျွန်ုပ်၏ကိုလာပြောရ
ခြင်းဖြစ်ပါတယ်။အခြေအနေက
အလွန်ကိုဆိုးရွားလာတယ်။
ဘာ့ကြောင့်ကျွန်ုပ်အား၏ကိုပို့
ဆောင်ရတာလဲ။
ငါဟာ သင့်ဘိုးဘေး အာဗြဟံ၊ ဣဇာက် နဲ့
ယာကုပ် တို့ရဲ့ ဘုရားယေဟောဝါ ဖြစ်တယ်။
ငါ့လူမျိုးတွေရဲ့ အတိ ဒုက္ခနဲ့ သူ့တို့ရဲ့
ငိုကြွေးမြည်တမ်းမှုတွေကို
ငါမြင်တွေ့ကြားသိခဲ့ရတယ်။
အာဗြဟံ ကိုငါကတိပေးထားခဲ့တဲ့
အတိုင်း ဣသရေလ
အမျိုးသားအားလုံးကို ခါနာန်ပြည်
ထဲဦးဆောင်ခေါ်သွားဖို့
အချိန်တန်ပြီ။ မောရှေကသူတို့
ကိုကယ်ထုတ်သွားမှာဖြစ်တယ်။


‘ဒါပေမယ့်ကျွန်တော်မျိုးစကားကောင်းကောင်း မပြောတတ်တဲ့အတွက်ဖာရောဘုရင်ကျွန်ုပ်ကိုနားထောင်မည်မဟုတ်ပါ။
အာရုန် ကသင့်ကိုယ်စားပြောပေးလိမ့်မယ်။ ငါ့စကားကိုသာ နာခံပြီးသူ့ကိုဘာပြောရမလဲဆိုတာ ညွှန်ကြားပါ။ အစပိုင်း ဖာရောဘုရင် သင့်ကိုနားထောင်မှာမဟုတ်ဘူး။ ဒါပေမယ့် ငါသာလျှင် စစ်မှန်တဲ့ တစ်ဦးတည်းသော ဘုရားရှင်ဖြစ်ကြောင်း အဲဂုတ္တုပြည်သားတွေ သိတဲ့အထိပိုပြီးဆန်းကြယ်တဲ့ နိမိတ်တွေကို ငါပြမယ်။


ဟာဟာ့။ဒီကိုမင်း နောက်တစ်ခေါက်ဘာ ပြန်လာလုပ်တာလဲ။
“ငါ့ရဲ့လူတွေကို ထွက်သွားခွင့်ပေးပါ” လို့ယေဟောဝါက ပြောတယ်။




ထွက်မြောက်ရာကျမ်း ၅း၁၀–၂၃၊ ၇း၇–၁၁


ခင်ဗျားရဲ့တုတ်ကို မြွေအဖြစ်ပြောင်းလဲသွားအောင်လုပ်နိုင်တဲ့ ခင်ဗျားရဲ့မျက်လှည့်အစွမ်းကို အမြန်လာပြစမ်းပါအုံး။


မင်းတို့ကို အုတ်များများဖုတ်ဖို့ မြွေဆိုးတို့ရဲ့ နတ်ဘုရား၊ နီးဆပ်ကမှာ လိုက်တယ်။ ဟား–ဟား–ဟား။




ထွက်မြောက်ရာကျမ်း ၇း၁၁–၁၂


ကြည့်စမ်းပါအုံး။ သူ့မြွေက ငါတို့ရဲ့မြွေတွေက တိုက်ခိုက်ချင်နေတယ်။


သူ့မြွေက
တို့ရဲ့မြွေတစ်ကောင်
ကို မြိုသွားပြီ။


ငါတို့ရဲ့မြွေတစ်ကောင်လုံးကို မြိုချလိုက်တာ။


နောက်တစ်ကောင်ကို ထပ်မြိုသွားလိမ့်မယ်လို့ ငါ့ကိုလာမပြောနဲ့။ ငါတို့ရဲ့ မြွေနတ်ဘုရား နီးဆပ တော်တော် စိတ်ဆိုးသွားလိမ့်မယ်။


ငါမယုံနိုင်ဘူး။ ငါတို့ရဲ့မြေအားလုံးကို သူ့မြေကမြို့ချလိုက်ပြီ။
‘ဘယ်လိုဖြစ်ရတာလဲ။


ယေဟောဝါဟာဖန်ဆင်းရှင်ဘုရားဖြစ်တယ်။”ငါ့လူမျိုးတွေကိုသွားခွင့်ပေးပါ”လို့သူတောင်းဆိုတယ်။
ထွက်မြောက်ရာကျမ်း ၇း၁၂


‘ါကိုမင်းဘယ်လိုလုပ်သလဲဆိုတာငါတော့မသိဘူး။ ‘ါပေမယ့်ဒီပြပွဲလေးအတွက်ကျွန်တစ်သန်းနဲ့ ငါမလဲနိုင်ဘူး။ ငါ့ရှေ့ကထွက်သွားစမ်း။
ထွက်မြောက်ရာကျမ်း ၇း၁၃
“ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း ဖာရောဘုရင်သည်နှလုံးခိုင်မာ၍သူတို့၏စကားကို နားမထောင်ဘဲနေ၏။”


ဖာရောဘုရင် ရဲ့မျက်လှည့်ဆရာတွေ လိုက်တုလို့ ရတဲ့နည်းတွေနဲ့ ယေဟောဝါ ကငါတို့ကိုဘာ့ကြောင့်ိကိုပို့ ရတာလဲ။ အခုနတုန်းက ငါတို့အရူးလိုဖြစ်သွားတယ်။
‘ါတော့ငါမသိဘူး။ ‘ါပေမယ့်ဘုရားသခင်က ဖာရောဘုရင်ရဲ့ နှလုံးခိုင်မာလိမ့်မယ်လို့တော့ ပြောခဲ့တယ်။ တကယ်လည်းဟုတ်ခဲ့ တယ်။ သူ့ရဲ့အချစ်တော်မြွေတွေအမြိုခံရတော့သူဘယ်လောက် ေ’ါပွသွားတယ်ဆိုတာကို နင်မြင်တယ်မဟုတ်လား။
ယေဟောဝါနဲ့စကားပြော လို့ရမယ့်နေရာငါသွားရှာလိုက်အုံး မယ်။နောက်ထပ်ဘာဆက်လုပ်ရမ လဲ ဆိုတာကို လည်းငါမသိဘူး။

မောရှေ နဲ့ ဘုရားသခင်နောက်တစ်ခါက်တွေ့ပြီး ဘာဆက်လုပ်ရမလဲဆိုတာကို ပြောပြတယ်။ မောရှေ ဟာ အဲဂုတ္တုပြည်သားတွေရဲ့ ပြက်ရယ်ပြုမှု ကိုခံခဲ့ရတယ်။ သူတို့အပေါ် ဖာရောဘုရင် ရဲ့ပိုမိုရက်စက်လာမကြောင့် သူ့ လူမျိုးအချင်းချင်းကပင်လျှင် မောရှေကိုဆန့်ကျင်ကြတယ်။ ‘ါပေမယ့် မောရှေဟာ ဘုရားသခင်ကို ယုံကြည်ပြီး သူဘာမှနားမလည်ပေမယ့်လည်း ဘုရားသခင်ရဲ့စကားကိုသူနားထောင်တယ်။






ထွက်မြောက်ရာကျမ်း ၇း၁၅–၂၂


ကြည့်စမ်း၊ ’ါကိုငါ့မျက်လှည့်ဆရာတွေလည်းလုပ်နိုင်တာဘဲ။ မင်းတို့ရဲ့နည်းတွေနဲ့တော့ ငါ့ကိုလာ မဖျားယောင်းနဲ့။


‘မျိုးငါ့ဘဝမှာ တခါမှမကြုံဖူးဘူး။ ချောင်း၊မြောင်း၊အင်းအိုင်တွေအားလုံးသွေးအဖြစ်ကိုပြောင်းသွားတာ။ သူ့ဘုရားရဲ့ နာမည်ဟာ ဘာလို့သူပြောခဲ့သလဲ။
သူတို့ပြောတာတခါမှ မကြားဖူးဘူး။ ‘ါတွေဟာ ဘာများကွာခြားနေလို့လဲ။ ငါတို့မှာလည်း နတ်ဘုရားတွေ ထောင်နဲ့ချီပြီးရှိတယ်။ နိုင်းမြစ်ရဲ့နတ်ဘုရားတော့ ေ’ပွနေမှာဘဲ။



အဲ့ မောရှေ ပြော
တဲ့သူ့ရဲ့ဘုရားကတစ်ဦး
တည်းသောဘုရားရှင်တဲ့။
ဘုရားတစ်ဆူတည်း
ဘဲမဟုတ်လား။ မဟုတ်မ
ဟပ်တွေကွာ။


ရေကနေ သွေးအဖြစ်ပြောင်းသွားတာ (၇)ရက် ကြာပြီးတဲ့အခါ မောရှေဟာ အဲဂုတ္တုပြည်အတွက် ဘုရားသခင်ရဲ့စီရင်ချက်ကို ယူဆောင်လာပြန်တယ်။
ရေထွက်ရာအရပ်တိုင်း ဖားတွေများများထွက်ပါစေ။




ထွက်မြောက်ရာကျမ်း ၇း၂၁–၂၅၊ ၈း၆


ငါ့အိမ်ထဲမှာ ဖားတွေနဲ့ပြည့်နေတယ်။
အဲဂုတ္တုတစ်ပြည်လုံးဖားတွေနဲ့ပြည့်နေတယ်။နတ်ဘုရားတွေလည်းေါ်ပွနေကြတယ်။
ငါတို့ရဲ့နတ်ဘုရားတွေဘယ်မှာလဲ။ သူတို့တစ်ခုခုလုပ်လို့မရဘူးလား။



အောင်မယ်လေး


ဘာဖြစ်လို့ သူတို့ ဖားတွေကိုထပ်လုပ်ရတာလဲ။ မောရှေ လုပ်ခဲ့တာ တင်များနေပြီ။ အခု သူတို့ ကပိုပြီးထပ်လုပ်အုံးမလို့လား။
ဤမှာ ကြည့်ပါ ဖာရောဘုရင်။ ကျွန်ုပ်တို့ရဲ့ မျက်လှည့်ဆရာတွေလည်း ဖားတွေကိုလုပ်တတ်ပါတယ်။
သူတို့တောင်းဆိုသလို ဤလူတွေကို ဘာ့ကြောင့်တောကြီးမြက်မည်းထဲ မပို့ချင်ရတာလဲ။ ဒါတွေကို ငါတို့လည်း မခံနိုင်တော့ဘူး။


မောရှေ ကိုခေါ်စမ်း။ သူ့နဲ့ ငါစကားပြော ချင်တယ်။
ဟုတ်ကဲ့ဆရာ




ထွက်မြောက်ရာကျမ်း ၈း၇–၁၀


သူသတ်မှတ်ထားတဲ့အချိန်မှာ ဖားတွေမရှိတော့တဲ့အခါ ဖာရောဘုရင်ရဲ့နှလုံးသားဟာခိုင်မာလာပြီး ဟေဗြဲတို့ကိုထွက်သွားခွင့်မပေးတော့ဘူး။
ငါတို့တပြည်လုံးကို ဖားတွေနဲ့ပြည့်သွားအောင် လုပ်တဲ့ ယေဟောဝါ ဆိုတဲ့ဘုရားဟာ ဘာကြီးလဲ။
ဘုရားက ဒါကိုလုပ်ရတယ်လို့ခင်ဗျားဘာကြောင့်ထင်ရတာလဲ။ ဒါ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်မှာပါ။


ဒါဆိုရင် ဒါတွေဖြစ်လာလိမ့်မယ်လို့ မောရှေ ကဘယ်လိုသွားပြီးတော့ ကြိုတင်ခန့်မှန်းနိုင်မှာလဲ။ ပြီးတော့သတ်မှတ်ထားတဲ့အချိန်မှာ ဖားတွေအား လုံးသေလိမ့်မယ်ဆိုတာကို သူဘယ်လိုသိနိုင်မှာလဲ။
အို…တိတ်တိတ်နေပြီး လုပ်စရာရှိတာလုပ်။ ဒါမှမဟုတ်ရင် ဖားတွေကုန်အောင် ဘယ်တော့မှ ရှင်းနိုင်တော့မှာ မဟုတ်ဘူး။


“အာရုန် ကိုပြောပါ။ ခင်ဗျား လက်ကိုဆန့်ပြီး မြေကြီးကိုရိုက်လိုက်ပါ။ အဲဂုတ္တုတပြည်လုံးမှာရှိတဲ့ဖုန်မှုန့် တွေခြင်ကောင်ဖြစ်သွားစေရမယ်” ဟု ယေဟောဝါ က မောရှေကိုပြောတယ်။


ဒီလိုနဲ့ အဲဂုတ္တုတပြည်လုံးမှာရှိတဲ့
မြေမှုန့်တွေဟာ ခြင်ကောင်အဖြစ်
ပြောင်းလဲသွားတယ်။
ဟာ ဟဲ ဟဲ


အရှင်မင်းမြတ်ခင်ဗျား ... ဒါဟာဘုရားရဲ့အလုပ်အစစ်အမှန်ဘဲ။ အဲ့ဒီနှစ်ယောက်လုပ်သလိုဘယ်သူမှမလုပ်နိုင်ဘူး။ ကျွန်ုပ်တို့မှာဘာတန်ခိုးမှလည်းမရှိဘူး။
မင်းက ခြင်ကောင်တွေကိုမလုပ်နိုင်ဘူးပေါ့ ဟုတ်လား။ သူတို့ရဲ့ဘုရားဟာ ငါတို့ရဲ့နတ်ဘုရားတွေထက်ကြီးမြတ်တယ်ဆိုတာ လူတွေသိကုန်တော့မှာဘဲ။ နင်လုပ်တတ်တာကတော့ မျက်လှည့်တွေဘဲပေါ့။
ဒါတွေကတော့ သဘာဝတရားပါဘဲ။ ဒါပေမယ့် ငါတို့လည်းမခံနိုင်တော့ဘူး။ မောရှေ ကိုပြောလိုက်ပါ။ ဒီခြင်ကောင်တွေအားလုံးကို ပြန်ယူပစ်မယ်ဆိုရင် ဟေဗြဲတွေ သူတို့ဘုရားကို သွားရောက်ဝတ်ပြုခွင့်ပေးမယ်။
ထွက်မြောက်ရာကျမ်း ၈း၁၃–၁၉


ခြင်ကောင်တွေတော့ပျောက်သွားပြီ။ ဒါပေမယ့်ကျွန်တွေကို ငါသွားခွင့်မပြုနိုင်ဘူး။ သူ့ရဲ့ဘုရားသခင်ဘာတွေထပ်လုပ်နိုင်သေးလို့လဲ။


မောရှေ ကိုဘုရားသခင်က စကားပြောတဲ့အခါ “အဲဂုတ္တုပြည်ပေါ်ကိုယင်ရဲတွေနဲ့ ငါပြည့်စေမယ်။ အိမ်တိုင်းမှာ ယင်ကောင်တွေနဲ့ ပြည့်စေရမယ်။ ဒါပေမယ့် ဒီတခါ အဲဂုတ္တုပြည်သားနဲ့ ဟေဗြဲ တို့ကိုငါခွဲထားမယ်။
ငါ့လူမျိုး တွေကြားထဲမှာ တော့ယင်ကောင်တွေမရှိစေရဘူး။ ဒါအားဖြင့်ငါဟာ မြေကြီးသားအပေါင်းတို့ရဲ့ ဘုရားသခင်ဖြစ်တယ် ဆိုတာ အားလုံးသိစေရမယ်”


ဖေဖေ ဘာ့ကြောင့်သား တို့ရဲ့ နတ်ဆရာတွေ လူ့ကို မနိုင်တာလဲ။သူတို့ရဲ့စွမ်းအား တွေဘယ်ရောက်ကုန်ပြီလဲ
ဘာသာရေး နဲ့ပတ်သက်ပြီး ငါဘာမှမသိဘူး။ငါ့အရေးဘဲငါ စိတ်ဝင်စားတယ်။


သူပြောခဲ့သလိုဘဲ ဟေဗြဲ တွေ ရဲ့ကြားမှာတော့ ယင်ရဲတွေမရှိဘူး။ ါသူတို့ဘုရားရဲ့ လုပ်ရပ်ဖြစ်ရမယ်။
မောရှေ ကိုသွားရှာစမ်း။


မင်းတို့ဘုရားကို သွားပူဇော်တော့။ ‘ဒါပေမယ့် အဲဂုတ္တပြည်အပြင် ကိုတော့မထွက်နဲ့။
သုံးရက်ခရီးတော့ ကျွန်တော်တို့အနည်းဆုံး သွားရလိမ့်မယ်။
မင်းတို့သွားနိုင်တယ်လို့ ငါပြောတယ်။ ‘ဒါပေမယ့် “လောက်ဝေးဝေးမသွားရဘူး။ အခုမင်းတို့ရဲ့ ဘုရားနဲ့စကားပြောပြီး “နံစော်တဲ့ ယင်ရဲတွေကို ပြန်ယူသွားခိုင်းစမ်း။




ထွက်မြောက်ရာကျမ်း ၈း၂၀–၃၂


ဘုရားသခင်ဟာ အဲဂုတ္တုပြည်ပေါ် နောက်ထပ်ကပ်ဆိုးတစ်ခုယူဆောင်လာ ပြန်တယ်။ သူတို့ရဲ့ နွားထီး၊ နွားမ၊ သိုးနဲ့ကုလားအုပ်တွေအားလုံးအနာ ရောဂါရပြီး သေကုန်တယ်။ ဒါပေယ့် ဟေဗြဲလူမျိုးတို့ရဲ့တိရိစ္ဆာန်တွေ တော့ ရောဂါမရကြဘူး။
ငါတို့ရဲ့ တိရစ္ဆာန်တွေအား လုံးသေတဲ့အချိန်မှာ မင်းတို့ရဲ့ အကောင်တွေက ကျန်းကျန်းမာ မာဘဲ။ ဒါကိုမင်း တို့ဘယ်လို ရှင်းပြပေးနိုင်မလဲ။
မောရှေ ပြောထားတာကတော့ ကျုပ်တို့ဘိုးဘေးတွေရဲ့ဘုရားဟာ ကျုပ်တို့ ကို၏ အဖြစ်က လာရောက်ကယ်တင်ခြင်းဖြစ် တယ်။ ဒါပေမယ့် ကျုပ်ကရိုးရိုးလေးဘဲ နေတတ်တော့ ဒါတွေကိုကျုပ် ဘာမှမသိဘူး။


ငါတို့ရဲ့နတ်ဆရာတွေကလည်း နတ်ဘုရားတွေကိုယဇ်ပူဇော်နေတယ်။ ငါတို့ရဲ့နတ်နွားစိတ်ဆိုးလာရင် [၆]အနာရောဂါတွေအားလုံးပျောက်သွားမှာပါ။


အဲဂုတ္တုပြည်သားတွေရဲ့ နတ်ဘုရားတွေ ဘယ်ရောက်ကုန်ပြီလဲ။ သူတို့မှာ စွမ်းအားတွေမရှိကြတော့ဘူးလား။
ဒါဟာနောက်ကျသွားပြီလို့ ဖာရောဘုရင်ကိုပြောလိုက်ပါ။ တို့ရဲ့နတ်နွားတွေအားလုံးသေကုန်ပြီ။ ဟေဗြဲ တွေရဲ့မမြင်ရတဲ့ ဘုရားရဲ့လုပ်ရပ်တွေကို ငါတို့နတ်ဘုရားတွေက မကာကွယ်နိုင်ဘူးဆိုတာကို လူတွေသိရင် သူတို့ တော်တော်ငေါ်ပွသွားကြမှာဘဲ။
ဒါပေမယ့် ဖာရောဘုရင်ဟာ သူ့နှလုံးသားကိုခိုင်မာလာစေပြန်တယ်။
ထွက်မြောက်ရာကျမ်း ၉း၆–၇

တဖန် ဘုရားသခင်ဟာ မောရှေ
နဲ့စကားပြောပြီးလုပ်စေတာက
တော့ပြာမှုန့်တွေကိုမြို့အပေါ်ကြဲချ
စေပြီး၊အဲဂုတ္တုပြည်သားများအနာ
စိမ်းပေါက်လာစေဖို့ဘဲ။




မျက်လှည့်ဆရာတွေကိုခေါ်စမ်း။ သူတို့ရဲ့အစွမ်းကို အကုန်သုံးခိုင်း။ နတ်ဘုရားတွေကိုလည်း ယဇ်ပူဇော်ပြီး၊ ‘ါတွေအားလုံးကိုရပ်တန်းကရပ်စေပါ။ ဘုရားတွေကိုလည်း ယဇ်ပူဇော်ပြီး၊ ‘ါတွေအားလုံးကို ရပ်တန်းကရပ်စေပါ။


တန်ခိုးအရှိဆုံးသော နတ်ဘုရားကိုပင့်ခေါ်ရဲ့လား။
မင်းတို့လည်းပင့်ခေါ်ပေါ့။ မောရှေရဲ့ဘုရားကိုတိုက်ထုတ်နိုင်တဲ့စွမ်းအား မင်းတို့မှာမရှိကြဘူးလား။



မင်းတို့လိုအသုံးမကျတဲ့ အတုအယောင်သမားတွေ ငါ့ရှေ့ကအခုထွက်သွားကြစမ်း။ မင်းတို့ဟာ လူတွေကို လျှောက်လှည့်စားနေတဲ့ လူလိမ်တွေဘဲဆိုတာငါသိတယ်။ မင်းတို့ရဲ့ နတ်ဘုရားတွေဘယ်မှာလဲ။


စောစောထပြီး ဖာရောဘုရင် ကိုသင်တို့ပြောရမှာကတော့ “ဟေဗြဲ တို့ရဲ့ဘုရားက မှာထားတော်မူသည်မှာ၊ ငါ့ လူတွေကိုသွားခွင့်ပြုပါ။ နောက်ကျရောက်မည့် ကပ်ရောဂါက ထက်ပိုဆိုးလာမှာဖြစ်တယ်။ သင်တို့ရဲ့ အသက် ပေါင်းမြောက်များစွာကို ထိခိုက်စေနိုင်မယ့် ဆုံးရှုံးမှုကို ဖြစ်စေမယ်။ ‘ါအားဖြင့် ငါလိုဘုရားမှတပါး အခြားသော ဘုရားမရှိဘူးဆိုတာကို သင်တို့သိရလိမ့်မယ်။ သင်မသိတာက သင့်ကို ဖာရောဘုရင် ဖြစ်အောင်လုပ်တဲ့သူကလဲ ငါဘဲ။ တွေ့တယ်မဟုတ်လား။
ငါ့လူတွေကိုသွားခွင့်ပေးဖို့ သင့်နှလုံးသားက ခိုင်မာလာစေမယ်ဆိုတာလည်း ငါသိတယ်။ သင့်ရဲ့ခေါင်းမာမှုတွေဟာ ငါ့ရဲ့လူမျိုးကို မတရားနှိပ်စက်တဲ့ အဲဂုတ္တုပြည်သားတွေကို ‘ဏ်ခတ်ဖို့ လမ်းဖွင့်ပေးနေသလိုဘဲ။ သင်ဟာ သင့်ရဲ့ဆန္ဒအတိုင်း လိုရာလုပ်ဆောင်ပြီး ငါ့ရဲ့ဆန္ဒကို ဆန့်ကျင်တဲ့အတွက် မနက်ဖြန် အချိန်မှာ ကမ္ဘာက တခါမှမမြင်ဖူးသေးတဲ့ မိုဃ်းသီးနဲ့ မီးမိုဃ်းတို့ကို ရွာချစေမယ်။ သင်တို့ကို ငါအခုလို မှာထားရခြင်းက အိမ်ပြင်မှာရှိတဲ့ လူနဲ့




ထွက်မြောက်ရာကျမ်း ၉း၈–၁၉


ယေဟောဝါ ရဲ့ စကားတော်အတိုင်း ဖြစ်စေသား။



သတိပေးချက်ကိုမနာခံဘဲအိမ်ပြင် မှာရှိတဲ့သူအားလုံး သေကုန်ကြတယ်။
မိုဃ်းသီးနဲ့မီး အတူဘယ်လိုသွားပြီး ဖြစ်နိုင်မှာလဲ။
အား ...
နတ်ဘုရားရှင် ဆက်သ်၊ ကျုပ်တို့ကို ကူညီပါ။


ဖေဖေ ဒါကိုဟိုလူကြီး မောရှေ ဘယ်လိုလုပ်တာလဲ။ သူ့ရဲ့ဘုရားက လေပြင်းမုန်တိုင်းနတ်ဘုရား ဆက်သ ထက် ပိုတန်ခိုးကြီးလို့လား။
သူပြောပုံအရတော့ ဘုရားဟာ တစ်ဆူတည်းရှိပြီး ဟေဗြဲ တွေကတော့ သူ့ကလေးတွေတဲ့။
ဒါပေမယ့် ဟေဗြဲ တွေအပါအဝင် ဘယ်သူ့မှသူ့ရဲ့ဘုရားကို မမြင်ဖူးသေးဘူး။ ဝိညာဉ်တော်ပုံစံဆောင်တယ်လို့ သူကဖော်ပြတဲ့ သူ့ရဲ့ ဘုရားက ဖာရောဘုရင်ကို သူ့ရဲ့လူမျိုးတွေ တောကြီးမြက်မည်းထဲမှာ သူ့ကိုဝတ်ပြုခွင့်ရရန် ခွင့်ပေးဖို့ တောင်းဆို နေတယ်။





ထွက်မြောက်ရာကျမ်း ၈း၂၃-၂၆


ငါတို့ဆီကိုတော့ မလာဘူး။ အဲဂုတ္တုပြည်သားတွေဆီကိုဘဲသွားတယ်။
သားကြောက်တယ်ဖေဖေ။ မိုးသီးနဲ့မီးတွေသားတို့အပေါ်လည်း ကျလာမှာလား။
မကျဘူးသား။ ဘုရားသခင် ကသူ့စကားကို နားမထောင်တဲ့ အဲဂုတ္တုပြည်သားတွေကို ‘ဏ်ခတ်ခြင်းဘဲဖြစ်တယ်။ သူတို့ရဲ့ လေပြင်းမုန်တိုင်း နတ်ဘုရား ဆက်သ် ဟာဘာမှမလုပ်နိုင်ဘူးဆိုတာကို ဘုရားသခင်က သူတို့ကို ပြတာဘဲ။
တော်တော်ကြောက်ဖို့ကောင်းတာဘဲ။


ယေဟောဝါ ကိုငါပြစ်မှားမိပြီ။ ဟေဗြဲတို့ရဲ့ဘုရားရှင်ကဖြောင့်မတ်ပြီးငါနဲ့ အဲဂုတ္တုပြည်သားတွေက ကောက်ကျစ လှပါကလား။ယေဟောဝါအား မိုးယံသီးနဲ့မီး မိုးယံတွေကိုရပ်တန့်စေပါ။ မင်းတို့ရဲ့လူမျိုးကို ငါချက်ချင်း ထွက်ခွာခွင့်ပေးမယ်။
မြို့ပြင်ကို ထွက်ထွက်ချင်း ငါကောင်းကင်ဆီလက်ဆန့်တန်းလိုက်ရင် ကပ် ကြ္ခတွေအားလုံးချုပ်ငြိမ်းသွားမှာပါ။ ါအားဖြင့် မြေကြီးဟာယေဟောဝါနဲ့သာစပ်ဆိုင်တယ်ဆိုတာ ကိုဘုရင်ကြီးသိမှာဖြစ်ပေမယ့်ဘုရင်ကြီးစကား တည်မှာမဟုတ်ဘူး။ ဘုရားသခင်ကိုလည်း ကြောက်ရွံ့ဦးမယ် မထင်ဘူး။
မုန်တိုင်းငြိမ်သက်သွားတာကို ဖာရောဘုရင်သိရှိရ တဲ့အခါ သူ့ ရဲ့ နှလုံးသားဟာပိုခိုင်မာလာတယ်။ သူဟာ ဣသရေလလူမျိုးတွေကို ထွက်သွားခွင့်မပေးပြန်ဘူး။


ဘုရားသခင်က နောက်ကပ်ဘေးတစ်ခုက ပို့လိုက်တယ်။ မုန်တိုင်းကျအပြီး ရှင်သန်နေသေးတဲ့ သစ်စိမ်း၊ ဝါးစိမ်း တွေအားလုံးကိုကျိုင်းကောင်တွေ လာစားပစ်တယ်။ ပြီးတော့ ကျိုင်းကောင်တွေ အိမ်တွေဆီကို ပျံသွားတယ်။
ထွက်မြောက်ရာကျမ်း ၉း၂၆–၃၅၊ ၁၀း၁၃–၁၅


မေမေရယ် ....
မေမေရယ်
အား၊ အိ်း .......
မှတ်ထား


စိုက်ခင်းတွေရဲ့ နတ်ဘုရား အိုစီရိစ်ရယ်၊ဟေပြဲ တို့ရဲ့ဘုရားက ကျုပ်တို့ရဲ့ပျိုးခင်းတွေကို ဘာ လုပ်ပစ်သလဲဆိုတာကို မတွေ့ဘူးလားဗျာ။
နတ်ဘုရား အိုစီရိစ်၊ ဒီနေ့ တော့ အစွမ်းပြလိုက်စမ်းပါ။
ဖာရောဘုရင်ဟာ မောရှေကိုခေါ်ယူပြီး သူ့လူတွေကိုထွက်သွားဖို့ ကတိပေးလိုက်တယ်။ ဒါပေမယ့်ဘုရားသခင် ကကျိုင်းကောင်တွေကို ယူထုတ်ပြီးတဲ့အခါကျတော့ ဖာရောဘုရင်ရဲ့ နှလုံးသားဟာ ခိုင်မာလာပြီး သူ့ရဲ့ကျွန်တွေကို လက်မလွှတ်နိုင်ပြန်ဘူး။
ထွက်မြောက်ရာကျမ်း ၁၀း၁၄–၂၀


ပြီးတဲ့အခါ ဘုရားသခင်ဟာ အဲဂုတ္တုပြည်ပေါ်ကို တိမ်
မည်းတွေနဲ့ အုပ်ထားလိုက်တယ်။ သုံးရက်လုံးလုံးမှောင်မဲ
နေပေမယ့် ဟေဗြဲလူမျိုးတွေရဲ့ အိမ်တွေတော့မမှောင်ဘူး။
မင်းကို မတိုင်
ခင်ငါသတ်ပစ်လိုက်
လို့ရတယ်။ လိုလုပ်
ရင် မင်းတို့ဘုရားက
ငါတို့ဘုရားထက်သာ
တယ်လို့ပြသရာ
ရောက်မှာဖြစ်လို့ဘဲ။


ငါ့ရှေ့ကထွက်သွားစမ်း။ မင်းမျက်နှာ ငါတစ်ခါမှထပ်မတွေ့ချင်တော့ဘူး။ အဲဒီနေ့ဟာ မင်းရဲ့သေနေ့ဘဲ။
ဒီတခါတော့ ဘုရင်ကြီးမှန်တဲ့စကားကို ပြောတာဘဲ။ ကျွန်ုပ်တို့ရဲ့ဘုရင်ကြီးနဲ့ တခါမှ ပြန်တွေ့ရတော့မှာမဟုတ်ဘူး။


နေနတ်ဘုရား ရီရ် ခင်ဗျား၊ ကျွန်ုပ်ရဲ့အသံကိုကြားတော်မူပါ။ သုံးရက်လုံးလုံး နတ်ဘုရားကြီး ကျွန်ုပ်တို့ကို မျက်ကွယ်ပြုထားပါတယ်။ ဟေဗြဲလူမျိုးတို့ရဲ့ဘုရားကို တိုက်ထုတ်ပစ်လို့မရဘူးလား။


‘ပါဘဲ နောက်ဆုံးကပ်ဘေးကျပြီးတာနဲ့ ကျုပ်တို့အဲဂုတ္တုပြည်ကထွက်သွားတာကို ဖာရောဘုရင်ကြီး ပြုံးပြုံးကြီး နဲ့ ကြည့်နေရလိမ့်မယ်။ [၅]ညသန်းခေါင်ယံမှာ အဲဂုတ္တုပြည်ပေါ် ပျက်စီးခြင်းကျရောက်လိမ့်မယ်။ မိသားစုတိုင်းရဲ့ သားဦးတွေ သေရလိမ့်မယ်။ [၆]ညမှာ အပြစ်အားလုံးကို ဘုရားသခင်’ဏ်ခတ်မယ်။
ကျုပ်တို့ရဲ့သားဦးတွေ ရော၊ သေရအုံးမှာလား။


အဲဂုတ္တုပြည်သားအပါအဝင် ယုံကြည်သူအားလုံးအတွက် ကယ်တင်ခြင်းကို ဘုရားသခင်ဖြည့်ဆည်းပေးတယ်။ အခုပြန်ပြီး ဆိတ် (သို့) သိုးသငယ်အထီးကိုယူပြီး ညမှာသတ်ပါ။ ပြီးရင် သူ့ရဲ့အသွေးကို တံခါးရဲ့ဘေး တဘက် တချက်ဘောင်ပေါ်မှာနဲ့ တံခါးအပေါ်ဘက် ဘောင်ပေါ်မှာသုတ်လိုက်ပါ။ ယေဟောဝါ ပြောထားတာကတော့ ညသားဦးတွေကို သတ်ဖို့ မြေပေါ် ဖြတ်သွားတဲ့အခါသင်တို့တံခါးပေါ်မှာ သွေးကိုတွေ့ရင် ငါကျော်သွားပြီး အဲ အိမ်မှာရှိတဲ့ သားဦးတွေမသေရဘူး။ ညအိမ်ထဲမှာဘဲနေပြီး သင်တို့သတ်တဲ့ သိုးသငယ်ရဲ့ အသားကို စားကြပါ။
ထွက်မြောက်ရာကျမ်း ၁၀း၂၂–၂၉၊ ၁၁း၄–၅၊ ၁၂း၃–၇


အခု ခင်ဗျားရဲ့ အဲဂုတ္တုပြည်သား ကျွန်ပိုင်ရှင်တွေထံသွားပြီး သူတို့ရဲ့ အဖိုးတန်ပစ္စည်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကိုချေးပါ။ ဘုရားသခင်က သူတို့ရဲ့နှလုံးသားကို တို့ထိပြီးတဲ့အတွက် ခင်ဗျားတို့တောင်းသမျှကို သူတို့ရက်ရောစွာပေးလာလိမ့်မယ်။
ပြီးရင် အထုပ်ထုပ်ပြီး မနက်ဖြန်မနက ခရီးစထွက်ဖို့ပြင်ပေတော့။ “နေရာ ကိုခင်ဗျားတို့ ဘယ်တော့မှပြန်လာရတော့မှာမဟုတ်ဘူး။ ‘ဒါဟာ အဲဂုတ္တုပြည်ကို ထာဝရနှုတ်ဆက်ခြင်းဘဲ။ ‘ဒါဟာခင်ဗျားတို့ရဲ့ ပထမဆုံးရက်ဘဲ။


ဖေဖေ [၅]သားတို့ရဲ့ တကောင်တည်းသောသိုး ဘဲ။ ဆေးနီလိုအရာတွေနဲ့ သုတ်ရင်ကောမရဘူးလား ။။
သား၊ ဘုရားသခင်က သိုးသူငယ်က သတ်ပြီး သူ့ရဲ့သွေးကို တံခါးဘောင်ပေါ်မှာ သုတ်ဖို့ပြောထားတယ်။ သူပြောသလို ဖေဖေ တို့တိတိကျကျလုပ်ရမယ်။ သူ့စကားကို နားမထောင်တဲ့သူကို သူဘယ်လိုစီရင်သလဲဆို တာသားသိတယ် မဟုတ်လား။ [၆]သိုးသူငယ်ဟာ သားတို့ကိုသေခြင်းက ကာကွယ်ပေးမှာဖြစ်တယ်။


ါဆို သိုးသူငယ်က သားအတွက်အသေခံတာပေါ့နော်။
ဖေဖေလည်း သားဦးဖြစ်တဲ့အတွက် ဖေဖေ့အတွက်လည်း အသေခံသွားတာပါဘဲ။



ထွက်မြောက်ရာကျမ်း ၁၂း၂၆–၂၈၊ ၃၅–၃၆


ဘာဖြစ်လို့သိုးသူငယ်ကိုသတ် ပြီးသူ့ရဲ့သွေးကိုတံခါးဘောင် ပေါ်မှာ မသုတ်ထားရတာလဲ။
ဟာ၊ မင်းက ဒီပေါက်တတ်ကရတွေကို လျှောက်ယုံတယ်ပေါ့။ တံခါးပေါ်က သွေးကလေးတကွက်ကပေါ်လာမယ့်သေမင်းကို ဘယ်လိုသွားတားဆီးနိုင်မှာလဲ။ငါ့သားကသူတော်စင်လည်းမဟုတ်ဘူး။ မင်းက နတ်ဘုရား ကိုးကွယ်မ်လား။
ဘယ်ကဟုတ်ရမှာလဲ။ နင်ကငါ့ကိုမိန်းမလျှာလို့ထင်နေတာမဟုတ်လား။ ဘာသာရေးဆိုတာ ပျော့ညံ့တဲ့သူတွေ အတွက်ဘဲ။ သွေးလေးတကွက် တံခါးပေါ်မသုတ်တာနဲ့ ကောင်းတဲ့ဘုရားဟာ ဘယ်သူ့ကိုမှ သတ်မှာမဟုတ်ဘူး။ ဒါကို မကြားသိရတဲ့လူတွေကရော ဘယ်လိုလုပ်မလဲ။


ဖေဖေ၊ ဘာ့ကြောင့် ဒီည ဟာအခြားညတွေထက်ထူး ခြားနေရတာလဲ။
ဘာ့ကြောင့်လဲဆိုတော့ ဒီညမှာသူ့ကို မယုံကြည်တဲ့သူတွေရဲ့ သားဦးအားလုံးကို ဘုရားသခင် လာပြီးသုတ်သင မယ့်ညဖြစ်လို့ဘဲ။ ဒါပေမယ့် သွေးကိုတွေ့ရင် အဲ့ဒီအိမ်ကနေကျော်သွားလိမ့်မယ်။
ဒါဟာ ဖေဖေ တို့ရဲ့အဦးဆုံး နေ့ဘဲ။ နှစ်တိုင်း ဒီရက်မှာဆိုရင် ဘုရားသခင်က ဖေဖေတို့အားလုံးကို ဖာရောဘုရင်ကြီး ရဲ့လက်ကနေ ကယ်ထုတ်ခဲ့တာကိုအမှတ်ရတဲ့အနေနဲ့ ပသခါပွဲကို ဖေဖေတို့ကျင်းပရလိမ့်မယ်။


ဖေဖေ အော်သံတွေကို
နားထောင်ကြည့်ပါအုံး။ လုပ်
ငန်းတော့ စပြီထင်တယ်။
မကြောက်ပါနဲ့။ ဘုရားသခင်ရဲ့ စကားကို ဖေဖေ
တို့နားထောင်တယ်။ တံခါးဘောင်ပေါ်မှာသွေးတွေရှိတယ်။
သိုးသူငယ်ရဲ့အသားကိုလည်း ဖေဖေတို့စားကြတယ်။


ကျုပ်သားသေပြီ။ အိုး–ဘုရား–ဘုရား–ကယ်ပါအုံး။ မောရှေကိုခေါ်ပေးပါ။
ထွက်မြောက်ရာကျမ်း ၁၂း၂၉


ဝမ်းနည်းပါတယ်။ ဒါပေမယ
တအားနောက်ကျသွားပြီ။ ခင်ဗျားကို
သတိပေးထားသားဘဲ။ ဒါကို ခင်ဗျားမှ မယုံဘဲ။
ဒီညတော့လူတွေအများကြီးသေကြမှာဘဲ။
အီးဟီးဟီး...
အိုးဟိုး
ဟိုး...မလုပ်ပါနဲ့ဘုရား...
ကျူပ်ကလေးကို
မလုပ်ပါနဲ့ ။
ဘုရားသခင် အဲ့ဒီမြို့ပေါ် ဖြတ်သွားစဉ်
လူထောင်ပေါင်းများစွာသေခဲ့တယ်။ ယုံကြည်ခြင်းနဲ့ တံခါးဘောင်ပေါ်မှာ
သွေးကိုသုတ်တဲ့ လူတွေအားလုံးတော့ အသက်ရှင်ခွင့်ရတယ်။


ကျွန်မသား လေးသေပြီ။
အမြန်လုပ်။ မောရှေကို ကိုချက်ချင်းခေါ်လာစမ်း။



ထွက်မြောက်ရာကျမ်း ၁၂း၂၉–၃၁



ဖာရောဘုရင်ဟာ မောရှေ
ကိုထပ်ခေါ်စေတယ်။

ဖာရောက မောရှေရဲ့မျက်နှာမကြည့်ဘူး။





သူတို့ရဲ့ ဘိုးဘေးတွေကို ဘုရားသခင် ကတိတော်ထားရှိခဲ့တဲ့အတိုင်းဘဲ နှစ်(၄၀၀)ပြီးနောက်အဲဂုတ္တုပြည်ကနေသူတို့ထွက်လာရတယ်။ အဲဂုတ္တုပြည်သားတွေဟာ ဟေဗြဲအမျိုးသားတွေကို သူတို့သယ်ယူနိုင်တဲ့ ရွှေတွေ၊ အဖိုးတန်ပစ္စည်းတွေနဲ့ စားသောက်စရာတွေကို သူတို့ကြိုက်သလောက်ပေးလိုက်တယ်။ ဟေဗြဲအမျိုးသားများအတွက်တော့ ‘ဒါဟာအပျော်ဆုံးသောနေ့ရက်ဘဲပေါ့။ အသစ်သောလူမျိုးတမျိုးအတွက်လည်း ပထမဦးဆုံးသောနေ့ ရက်ပဲပေါ့။




ထွက်မြောက်ရာကျမ်း ၁၂း၂၁–၂၂၊ ၃၁–၃၈

https://goodandevilbook.com/